# ဒုတိယအမျိုးအစား

# ဆီးချိုရောဂါ

ဆီးချိုရောဂါ ဒုတိယအမျိုးအစားဖြစ်ပေါ်နေခြင်းသည် သင့်ခန္ဓာကိုယ်မှာ ဆီးချိုရောဂါကို ထိန်းချုပ်ပေးသော အင်ဆူလင်များကို ထုတ်ပေးနေသော်လည်း လုံလောက်မှုမရှိသောကြောင့်ဖြစ်သည်။ သို့မဟုတ် သင့်ခန္ဓာကိုယ်မှ ထုတ်လုပ်သော အင်ဆူလင်များ ကောင်းမွန်စွာ အလုပ်မလုပ်သောကြောင့်ဖြစ်သည်။




သင်စားလိုက်သော အစားအစာများစွာကို သင့်ခန္ဓာကိုယ်မှ သကြားဓါတ်အဖြစ်သို့ ပြောင်းလဲပေးလိုက်ပါသည်။ သကြားဓါတ်ကို ဆေးအခေါ်အဝေါ်အားဖြင့် ကလူးကို့(စ) ဟုခေါ်ပါသည်။ အင်ဆူလင်းသည် သင့်ထံတွင်ရှိသော သကြားဓါတ်များကို ခန္ဓာကိုယ်အတွင်းမှ ခန္ဓာကိုယ်ဆဲလ်များ အတွင်းသို့ ပို့ပေးရန် ကူညီသည်။







အကယ်၍ သကြားဓါတ်များကို ခန္ဓာကိုယ် ဆဲလ်များသို့ပို့နိုင်ရန် လုံလောက်သော အင်ဆူလင်းများ သင်၌ မရှိပါက သင့်ခန္ဓာကိုယ် အတွင်းတွင် သကြားဓါတ်များ အလွန်မြင့်တတ်လာပါမည်။ ထိုသို့ သင့်ခန္ဓာကိုယ် အတွင်း၌ သကြားဓါတ်များနေပါက သင်၌ဆီးချိုရောဂါရှိနေပါပြီ။




ဒုတိယ ဆီးချိုအမျိုးအစားကို အရွယ်ရောက်သူများ၌ ပို၍တွေ့ရှိရတတ်ပါသည်။ သို့သော် ဤဆီးချိုအမျိုးအစားကို ခလေးနှင့် လူငယ်များတွင်လည်း တွေ့ရှိမှု နှုန်းများပြား လာပြီဖြစ်သည်။ အဟာရပြည့်ဝသော အစားအစာများကို မှန်ကန်သော ပမာဏ အတိုင်းစားသုံးခြင်း နှင့် ကျန်းမာတတ်ကြွနေခြင်းသည် သင့်ခန္ဓာကိုယ်အတွင် သကြားဓါတ်များ လျော့နည်းစေရန်ကူညီပေးသည်။ ဒုတိယဆီးချိုအမျိုးအစားရှိနေသူများသည် ဆီးချိုရောဂါအတွက် သောက်ဆေးများနှင့် အင်ဆူလင်းများကို သောက်သုံးသည်။

ဆီးချိုရောဂါကို ကုသ၍မရနိုင်ပါ။ သို့သော် ကြိုတင်ကာကွယ်နိုင်ပါသည်။ ခန္ဓာကိုယ်အတွင်း သကြားဓါတ်ကို ထိန်းချုပ်နိုင်သူသည် တခြားသူများကဲ့သို့ ပျော်ရွှင်သော ဘဝကို ပြည့်ဝစွာရရှိမည် ဖြစ်သည်။ ဤထက်ပို၍ ဆီးချိုနှင့်ပတ်သက်သော အချက်အလက်များကို သိရှိလိုပါက ဆရာဝန်နှင့် သို့မဟုတ် ကျန်းမာရေး ဆေးပေးခန်းနှင့် ဆွေးနွေးပါ။




Burmese translation provided as a FREE educational service on www.learningaboutdiabetes.org by University of Missouri Health Care in cooperation with Learning About Diabetes, Inc., Tucson, AZ.


© 2011 Learning About Diabetes, Inc. All rights reserved.